myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 27, 2019 Volume 20, Number 19


**၂၇.၆.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၀၇ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၁၄၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၀/ကျပ် |
| CBM Rate | = ၁၅၁၇.၅/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၂၅.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၀.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၂၆.၈ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၀၅.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၁.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၀.၆၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၅၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၁.၁၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၁၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၂၉၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀

ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.org

myantradetir2016@gmail.com


## အိန္ဒိယနိုင်ငံ၌ မုတ်သုံဝင်ရောက်မှုနောက်ကျခြင်းကြောင့် လယ်ယာလုပ်ငန်းများစတင်ရန် နှောင့်နှေးလျက်ရှိခြင်း

အိန္ဒိယနိုင်ငံ၌ ယခုနှစ် အနောက်တောင်မုတ်သုံဝင်ရောက်မှုမှာ ၉ နှစ်တာကာလအတွင်း နောက်အကျဆုံးဖြစ်ပြီး မိုးဦးကာလ မိုးရေချိန်ရရှိမှု နည်းပါးလျက်ရှိသဖြင့် လယ်ယာလုပ်ငန်းများ စတင်စိုက်ပျိုးလုပ်ကိုင်မှုမှာ နှောင့်နှေးလျက်ရှိကြောင်း လေ့လာသိရှိရပါသည်။ အိန္ဒိယနိုင်ငံတွင် မုတ်သုံ ရာသီကာလမှာ နှစ်စဉ်ဇွန်လ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက် အထိဖြစ်ပါသည်။ အိန္ဒိယမိုးလေဝသဦးစီးဌာန (IMD) ၏ စာရင်းများအရ နိုင်ငံတစ်ဝန်းရှိ မိုးလေဝသဌာနခွဲများအားလုံး၏ ၈၄% ခန့်တွင် ၂၂.၆.၂၀၁၉ နေ့အထိ တိုင်းတာရရှိမှုမှာ မိုးရွာသွန်းမှုအောက်ရောက်ရှိနေပြီး ပုံမှန်ရရှိရမည့် မိုးရေချိန်၏ ၃၉% ခန့်လျော့ကျနေဆဲဖြစ်ပါသည်။ မိုးလေဝသဌာနခွဲ ၃၆ ခု၏ ၂၅% ၌ မိုးရွာသွန်းမှုအောက်ရောက်ရှိနေကြောင်း မှတ်တမ်းများတင်ပြခဲ့ပြီး ဌာနခွဲ ၆ ခုသည် မိုးရေချိန်လွန်စွာလျော့နည်းရရှိသည့် အုပ်စုအတွင်း ကျရောက်လျက်ရှိသည်။ ဗဟိုရေအရင်းမြစ်ကော်မရှင် (Central Water Commission) ၏ ကိန်းဂဏန်းအချက်အလက်များအရ နိုင်ငံအတွင်းရှိ အဓိက ဆည်တာတမံကြီး ၉၁ ခုအနက် ၈၀% ခန့်တွင် ပုံမှန်ရှိရမည့် ဆည်ရေမှတ်များ၏အောက်သို့ ရောက်ရှိနေပြီး ဆည်တမံ ၁၁ ခု၌ ရေသိုလှောင်မှု သုညရာခိုင်နှုန်း ရောက်ရှိနေခြင်းက ကြီးမားသည့် ရေပြတ်လပ်မှုအကြပ်အတည်းကို ဖြစ်ပေါ်စေလျက်ရှိပါသည်။

အိန္ဒိယမိုးလေဝသဦးစီးဌာနလက်အောက်တွင် မိုးလေဝသ နယ်မြေဒေသများကို အဓိကအားဖြင့် အရှေ့နှင့်အရှေ့မြောက်ဒေသ၊ တောင်ပိုင်းကျွန်းဆွယ်ဒေသ၊ အလယ်ပိုင်းဒေသနှင့် အနောက်မြောက်ဒေသဟူ၍ နယ်မြေ ၄ ခု သတ်မှတ်ထားသည်။ အလယ်ပိုင်းဒေသရှိ ဌာနခွဲ ၁၀ ခုတွင် Odisha ပြည်နယ် ဌာနခွဲတစ်ခုသာ ပုံမှန်မိုးရွာသွန်းမှုရှိပြီး Vidarbha, Marathwada နှင့် Central Maharashtra ဌာနခွဲ နယ်မြေဒေသများတွင် မိုးခေါင်သည့်အခြေအနေသို့ရောက်ရှိနေသည်။ တောင်ပိုင်းကျွန်းဆွယ်ဒေသ၌ ကပ္ပလီနှင့်နီကိုဘားကျွန်းများရှိ မိုးလေဝသဌာနခွဲတစ်ခုသာ ရွာသွန်းမှုထက် မိုးရေချိန်ပိုမိုရရှိပြီး အခြားဌာနခွဲ ၈ ခုတွင် ရွာသွန်းမှုအောက် လျော့ကျလျက်ရှိသည်။

သို့ရာတွင် နိုင်ငံတစ်ဝန်း မိုးခေါင်မည့်အခြေအနေကို စိုးရိမ်ဖွယ်မရှိကြောင်း၊ လာမည့်ရက် အနည်းငယ်အတွင်း မုတ်သုံမိုးရရှိမှုအခြေအနေမှာ တိုးတက် ကောင်းမွန်လာမည်ဟု ခန့်မှန်းထားကြောင်း၊ တောင်သူများအနေဖြင့် ၎င်းတို့၏ဒေသများတွင် အနည်းဆုံးမိုးရေချိန် ၇၀ မီလီမီတာရရှိသည်နှင့် တစ်ပြိုင်နက် စတင်စိုက်ပျိုးလုပ်ကိုင်သင့်ကြောင်း IMD ၏ ညွှန်ကြားရေးမှူးချုပ် K.J. Ramesh က ပြောကြားပါသည်။ ဇွန်လတတိယပတ်ကျော်လွန်လာချိန်၌ နိုင်ငံ၏ တောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသ များအားလုံးသို့ မုတ်သုံမိုး လွှမ်းခြုံပြီးဖြစ်ကြောင်း၊ အနောက်ဘက် ဒေသရှိ Gujarat ပြည်နယ်နှင့်အရှေ့ဘက်ကမ်းခြေရှိ Madhya Pradesh ပြည်နယ်တို့တွင် မိုးရွာသွန်းမှု အခြေအနေ ကောင်းမွန်နေပြီဖြစ်ကြောင်း IMD မှဆိုပါသည်။

အိန္ဒိယနိုင်ငံ၌ ယခုနှစ်မုတ်သုံစိုက်ပျိုးရာသီတွင် ဇွန်လ ၂၁ ရက်နေ့အထိ သီးနှံများစိုက်ပျိုးပြီးစီးမှုမှာ ဟက်တာ ၉.၀၆ သန်းရှိပြီး ယခင်နှစ်ကာလတူစိုက်ပျိုးမှုနှင့်နှိုင်းယှဉ်ပါက ၁၂.၄၉% လျော့နည်းလျက်ရှိသည်။ လွန်ခဲ့သော ၅ နှစ်အတွင်း ကာလတူပျမ်းမျှစိုက်ပျိုးပြီးစီးမှုနှင့် နှိုင်းယှဉ်ရာတွင်လည်း ၁၄.၁၅% အထိ လျော့နည်းနေကြောင်းတွေ့ရှိရသည်။ မုတ်သုံဝင်ရောက်မှု နောက်ကျခြင်းက ဆန်စပါး၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲပုတ်၊ မြေပဲ၊ နှမ်း၊ ပြောင်း၊ နှံစားပြောင်းနှင့် ဝါဂွမ်းစသည့် Kharif Crops ခေါ် မုတ်သုံရာသီ သီးနှံများစိုက်ပျိုးမှုအပေါ် သက်ရောက်မှုရှိမည်ဖြစ်ပြီး တောင်သူများအနေဖြင့် လုံလောက်သည်မိုးရေချိန်/ စိုက်ပျိုးရေပမာဏရရှိမှသာ စတင်စိုက်ပျိုးရန် စိုက်ပျိုးရေးဌာနများက အသိပေးပြောဆိုလျက်ရှိကြောင်းသိရှိရသည်။

**စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

**Source:** 1. Delayed monsoon clouds on Maharashtra Kharif crop cultivation, 21 Jun 2019, Times of India

2. With slow progress of rains, kharif sowing remains slack, 22 Jun 2019, Business Standard

3. 84% of IMD's subdivisions record deficient rainfall; 80% reservoirs have below normal storage, 23 Jun 2019, The Economic Times

4. Rains covers half of India, 25 Jun 2019, Business Standard

## ယခုနှစ်တွင် မြန်မာ့ငရုတ်သီးတန်ချိန် ၄၀၀၀၀ ခန့် တင်ပို့နိုင်ရန်မျှော်မှန်းထား

တရုတ်နှင့် ထိုင်းနိုင်ငံမှ ငရုတ်သီးစိမ်းဈေးကောင်းပေးဝယ်လိုအား မြင့်တက်လာသဖြင့် ယခုနှစ်တွင် ငရုတ်သီးအစို၊ အခြောက်တန်ချိန် ၄၀၀၀၀ ခန့်တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း စီးပွားကူးသန်းဝန်ကြီးဌာနမှသိရသည်။ ၂၀၁၅ ခုနှစ်တွင် ငရုတ်တင်ပို့မှု ထောင်ဂဏန်းမျှသာတင်ပို့ခဲ့ရာမှ ၂၀၁၆ ခုနှစ်မှ စတင်ကာ ပြည်ပတင်ပို့မှု သိသိသာသာ တိုးတက်လာ ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်ပြည်ပသို့ ငရုတ်တန်ချိန် ၁၂၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်တွင် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့က ဝယ်ယူမှု မြင့်တက်နေခြင်းကြောင့် ငရုတ်တန်ချိန် ၄၀၀၀၀ ကျော်ထိ တင်ပို့နိုင်ရန်မျှော်မှန်းထားကြောင်း စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းကပြောသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွေမှာ ငရုတ်သီးတင်ပို့မှုက နည်းနည်းပဲရှိတယ်။၂၀၁၈ ခုနှစ်မှာတန်ချိန် ၁၂၀၀၀ ကျော် တင်ပို့ခဲ့တယ်။ ဒီနှစ်က နှစ်ဆဖြစ်လာတယ်။ ရာသီတောင် မကုန်သေးဘူး။ အခုချိန်မှာကို တန်ချိန် ၃၀၀၀၀ကျော်နေပြီ။ ရာသီအကုန် စက်တင်ဘာလအထိဆိုရင် တန်ချိန် ၄၀၀၀၀ ကျော် ပို့နိုင်ပါမယ်။ အရောင်းအဝယ်က အရမ်းကောင်းနေပါတယ်ဟု ၎င်းကပြောသည်။

လက်ရှိ ပြည်တွင်း ငရုတ်သီးအစိမ်း ဈေးနှုန်းမှာ ယခုနှစ်ဧပြီလမှ စတင်ကာ တဖြည်းဖြည်းမြင့်တက်လာခဲ့ပြီး ဇွန်လ ၂၀ ရက်နေ့တွင် တစ်ပိဿာလျှင် ကျပ် ၈၀၀၀-၉၀၀၀ ထိ ဈေးကောင်းလာခဲ့ကြောင်း သိရသည်။ ငရုတ်သီး စိုက်ပျိုးမှု ရာသီမှာ လာမည့် စက်တင်ဘာလထိ စိုက်ပျိုးရာသီဖြစ်သောကြောင့် ပြည်ပသို့ ပိုမိုတင်ပို့နိုင်မည် ဖြစ်ကြောင်း ခန့်မှန်းထားသည်။ လက်ရှိ ငရုတ်သီး ပေါက်ဈေးက တောင်သူတွေအတွက် တော်တော်အဆင်ပြေတယ်။ တစ်ခါမှ ဒီဈေးမျိုးမရဖူးဘူး။ အရင်က ငရုတ်ခြောက် အတောင့်လှလှမှ တစ်ပိဿာ ကျပ် ၃၅၀၀ အများဆုံး ရတာပါ။ ဒီနှစ်မှ ငရုတ်အစိုကို တစ်ပိဿာ ကျပ်၈၀၀၀ ကျော် ဈေးရပါတယ်ဟု ငရုတ်စိုက်တောင်သူ ကိုကျော်ဆန်းကပြောသည်။ လက်ရှိပြည်တွင်းမှာ ငရုတ်သီးစိမ်းကို မန္တလေး၊စစ်ကိုင်း၊ ရှေ့ဝတီစသည့်ဒေသများတွင် အဓိကစိုက်ပျိုးထုတ်တင်ပို့ကြပြီး ၂၀၁၈ ခုနှစ်တွင် နိုင်ငံခြားတင်ပို့မှုမှ ဒေါ်လာ ၂၂ သန်းကျော် ဝင်ငွေရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရသိရ သည်။

လက်ရှိ ဇွန်လ ၂၀ ရက်နေ့တွင် ငရုတ်သီး ပေါက်ဈေးမှာ အစိုတစ်ပိဿာ ကျပ် ၉၀၀၀ ကျော် ပေါက်ဈေးရှိကြောင်း၊ စံချိန်တင်ဈေးဖြင့် ဝယ်လိုအားကောင်းနေခြင်း ဖြစ်ကြောင်း ကူမဲမြို့ အောဝမ်းပွဲရုံပိုင်ရှင် ဦးစိုးညွန့်က မြန်မာ တောင်သူကြီးများ ဂျာနယ်ကိုပြောသည်။ လက်ရှိ ငရုတ်သီးအစိုတောင်သူကောက်ဈေးက တစ်ပိဿာ ကျပ် ၉၀၀၀-၉၅၀၀ ပေါက်ဈေးရှိပါ တယ်။ ပွဲရုံရောင်းဈေးကတော့ ကျပ် ၁၀၀၀၀ ကျော်ပါတယ်။ကူမဲမြို့မှာတော့ ပွဲရုံ ၂၀ ကျော်မှာတော့ နေ့စဉ်ကုန်ချိန် ပိဿာ ၁၀၀၀-၃၀၀၀ ထိ နေ့စဉ် အဝယ်ရှိနေပါတယ်။ ဒီလိုစံချိန်တင်ဈေးနဲ့ဘယ်အချိန်ထိ

ဂယ်လိုအားကောင်း နေမလဲဆိုတာကတော့ ခန့်မှန်းရခက်တယ်။ မြန်မာ့ငရုတ်အစိုဈေးသမိုင်းမှာ စံချိန်တင်ဈေး ရဖူးတာပါဟု ၎င်းကပြောသည်။

**Source:** https://www.facebook.com/myanmaeconomic/

## လက်ရှိဘဏ္ဍာနှစ် ၉ လအတွင်း ပြည်ပသို့ ရေထွက်ပစ္စည်းတင်ပို့မှုက ယခင်ဘဏ္ဍာနှစ်ထက် ပိုမိုရရှိ

၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် (အောက်တို ဘာမှ ဇွန်လ၇ရက် အထိ) ပြည်ပသို့ ရေထွက်ပစ္စည်းတင်ပို့မှုက ယခင်ဘဏ္ဍာနှစ် ကာလတူထက် အမေရိကန် ဒေါ်လာ ၃၇သန်း ကျော် ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ အဆိုပါဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က အရင်ဘဏ္ဍာနှစ်ကာလတူထက်တင်ပို့မှုတိုးတက်လာတော့ တန်ဖိုးတွေလည်း ပိုရလာတယ်ဟုပြောသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကာလတူကရေထွက် ပစ္စည်း တင်ပို့မှုမှ အမေ ရိကန်ဒေါ်လာသန်း ၅၃၀ ကျော် ရရှိခဲ့သော်လည်း ယခု ဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ သန်း ၅၇၀ကျော်ထိ ရရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိ ထိုင်းနိုင်ငံသည် ပြည်ပသို့ ရေထွက် ပစ္စည်း တင်ပို့မှုမှတစ်နှစ်လျှင် အမေရိ ကန်ဒေါ်လာ ခုနစ်ဘီလျံ ကျော်အထိ တင်ပို့လျက်ရှိကြောင်း၊ သို့သော် မြန်မာ့ရေထွက် ကုန်များ ပိုမို တင်ပို့ နိုင်ရန်နိုင်ငံတကာ အဆင့်မီ ငါးဈေးကွက် မဖော်ဆောင် နိုင်သည့် အားနည်းချက်ကြောင့် ရေ ထွက်ပစ္စည်းတင်ပို့မှု တစ်နှစ် လျှင် ကန်ဒေါ် လာသန်း၇၀၀ ခန့် သာ ရရှိနေသည်။ လက်ရှိတွင် ငါး ၊ပုစွန်သား ပေါက် ဖွားသည့် ရာသီချိန် ဖြစ်ခြင်းကြောင့်ငါးနှင့် သယံဇာများ ထိန်းသိမ်း နိုင်ရေးအတွက် မြန်မာ့ ပင်လယ်ငါးလုပ်ငန်း ရေပြင် အတွင်းရှိ ငါးဖမ်း ကွက်များ အတွင်း ပြည်တွင်း၊ ပြည်ပကမ်းဝေး ငါးဖမ်းရေယာဉ် များအား ငါးမဖမ်း ရကာလ အဖြစ်ဇွန်လ ၁ရက်မှ ဩဂုတ် လ၃၁ရက် အထိ သတ်မှတ် ထုတ်ပြန်ထားသည်။ သို့သော် ငါးမဖမ်းရ ရာသီ သတ်မှတ်မည်ကို ငါးလုပ်ငန်း ရှင်များ သိရှိထားသည့် အတွက် ငါးများကို သိုလှောင် ၍ဈေးကွက် အတွင်းသို့ စဉ်ဆက် မပြတ်တင်ပို့နေသေ်ကြောင့် ပြည်ပ တင်ပို့မှု ကိုထိခိုက် နိုင်ချေ မရှိပေ။

လက်ရှိမွေးမြူရေးလုပ်ငန်းတွေ တိုးချဲ့ဆောင်ရွက်ရာမှာမြေယာအသုံးပြုခွင့် လုပ်ကိုင်ခွင့်များကို သတ်မှတ် ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အထူးဂရုပြုဆောင်ရွက်ရန် လိုအပ်သလို မွေးမြူရေးထွက်ကုန်များ ပြည်ပတင်ပို့ရာမှာလည်း သတ်မှတ်စံချိန်စံညွှန်းတွေကို စစ်ဆေးပေးသည့် ဓါတ်ခွဲခန်းများ၏အရည်အသွေးမြှင့်တင်နိုင်ရေးဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရသည်။ မြန်မာ နိုင်ငံတွင် လယ်ယာထွက်ကုန် ပြီးပါက ရေထွက်ကဏ္ဍသည် ဒုတိယဦးစားပေးပို့ကုန် ဖြစ်ပြီး ရေချို ရေ ငန်ငါး၊ ပုစွန်လုပ်ငန်းနှင့် ငါးပုစွန်မွေးမြူရေး လုပ်ငန်း များတွင် လူဦးရေ ၃ ဒသမ ၅ သန်းကျော် လုပ်ကိုင်နေခြင်းကြောင့် အဆိုပါကဏ္ဍဖွံ့ဖြိုးအောင်လုပ်ဆောင်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် ပြည်ပဝင်ငွေတိုးတက် လာမည် ဖြစ်ကြောင်း သိရသည်။

**Source:** https://www.facebook.com/myanmaeconomic/

## သကြားလက်ကျန်များခြင်းကြောင့် ပြည်တွင်းသကြားဈေးကျဆင်းနေဆဲ

ပြည်တွင်း၌ လက်ကျန်များစွာရှိနေခြင်းကြောင့် ပြည်တွင်းထုတ် သကြားဈေးကတစ်ပိဿာကို ကျပ် ၁၀၀၀ အောက်ဖြင့် အကျဈေးဖြင့်သာ ဈေးငြိမ်နေခဲ့သည်။ ပြီးခဲ့သည့်နှစ် အခုလိုအချိန်တွင် တစ်ပိဿာကို ကျပ်၁၂၀၀ဝန်းကျင်ထိဈေးရခဲ့ပြီး၊ အဓိကဝယ်လက်ဖြစ်သည့်တရုတ်နိုင်ငံကဝယ်ယူမှုရပ်တန့်ခဲ့သည့်အတွက်ပြည်တွင်း၌သကြားလက်ကျန်များကာ ဈေးကျဆင်းခဲ့ခြင်းဖြစ်သည်။

တရုတ်ဈေးကွက်တစ်ခုတည်းကိုသာ အားထားတင်ပို့နေရခြင်းဖြစ်သော်လည်းမူဆယ်-ရွှေလီ နယ်စပ်ဂိတ်ကနေတဆင့် တရားမဝင် တင်ပို့နေရခြင်းဖြစ်သည်။ လက်ရှိတွင်တရုတ်နိုင်ငံ၏ တရားမဝင် ကုန်စည်တားဆီးထိန်းချုပ်ရေး စီမံချက်ကြောင့် သကြားအပါအဝင်မြန်မာ့ပို့ကုန် အများစုမှာ တင်ပို့မှုရပ်ဆိုင်းထားရခြင်းဖြစ်သည်။ ယင်းအပြင် ယခုနှစ်တွင် သကြားထွက်ရှိမှု နှုန်းများခဲ့သည့်အပြင်၊ လုပ်ငန်းလိုင်စင်ဖြင့်သွင်းထားသည့်သကြားများ၊ တစ်ဆင့်ခံကုန်သွယ်ရေး Re-export ဖြင့် တင်သွင်းထားသည့် သကြားလက်ကျန်များ၊ ပြည်တွင်းထုတ်လုပ်သည့်သကြားများ၊ မှောင်ခိုဝင်ရောက်ထားသည့် သကြားများဖြင့် ပြည်တွင်း၌ သကြားလက်ကျန်များစွာရှိနေကြောင်းသိရသည်။

ပုံမှန်နှစ်စဉ် ကြံတန်ချိန် လေးသိန်းကျော်သာထွက်ရှိလေ့ရှိသော်လည်း၊ ယခုနှစ်တွင် တန်ချိန် ၅ သိန်း ဝန်းကျင် ထိ ထွက်ရှိခဲ့ကြောင်း မြန်မာနိုင်သကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းက သိရသည်။ ပြည်တွင်းမှာက ပိုလျံနေတဲ့ သကြားတွေ တော်တော်များနေတယ်။ reexport နဲ့ သွင်းထားတဲ့သကြားတွေကလည်း တရုတ်ဘက်ကို အမှန်တစ်ကယ် ပြန်မထွက်သေးဘူး၊ ပြီးတော့ ဒီနှစ်ကလဲ ပြည်တွင်းသကြားထုတ်လုပ်မှုနှုန်းကလဲ တိုးမြင့်တော့ လောလောဆယ်

သကြားဈေးတက်ဖို့ သိပ်မလွယ်ဘူးထင်တယ်ဟု မြန်မာနိုင်ငံသကြားနှင့်ကြံထွက် ပစ္စည်းလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူးဦးစိန်ထွန်းက သုံးသပ် ပြောဆိုသည်။ လာမည့်နှစ်တွင် သကြားဈေးမကောင်းခြင်းကြောင့် ကြံစိုက်ဧက လျော့ကျသွားနိုင်သည့် အနေအထား တွင်ရှိကြောင်းကုန်သည်များကဆိုသည်။

ပြီးခဲ့သည့် ဇွန်လဒုတိယပတ်အတွင်းက မြန်မာနိုင်ငံဘက်မှ ငွေရည်ပုလဲသကြားကုမ္ပဏီလီမိတက်နှင့် တရုတ်နိုင်ငံမှ ရွှေလီသာထွန်း ကုမ္ပဏီလီမိတက်တို့ မြန်မာနိုင်ငံဘက်မှ သကြားဖြူတန်ချိန် တစ်သိန်းနှစ်သောင်း ဝယ်ယူရောင်းချရေး ဆိုင်ရာ နှစ်ဘက်သဘောတူညီမှု စာချုန်လွှာရေးထိုးခဲ့ကြသည်။ ယင်းကို ကုန်ဖလှယ်ရောင်းချသည့်စနစ်ဖြင့် အရောင်း အဝယ် ပြုလုပ်သွားမည်ဖြစ်ပြီး၊ ဈေးနှုန်းသတ်မှတ်ခြင်း၊ ကုန်ပစ္စည်းစစ်ဆေးခြင်းများကို ဆက်လက်လုပ်ဆောင် သွားမည် ဖြစ်ကြောင်းဦးစိန်ထွန်းကဆိုသည်။ အဆိုပါသဘောတူညီချက်တွင်မြန်မာနိုင်ငံမှထုတ်လုပ်သည့်သကြားဖြူကိုသာ ဝယ်ယူ သွားမည်ဖြစ်ပြီး၊ အရည်အသွေးအားဖြင့် သကြားအကြည်နှုန်း တစ်ရာအောက် ဟုသတ်မှတ်ထားကြောင်းသိရသည်။

ယင်းကဲ့သို့ မြန်မာနိုင်ငံက သကြားကို တရုတ်နိုင်ငံသို့ တရားဝင်အမှန်တစ်ကယ်ရောင်းချနိုင်မည်ဆိုပါက ပြည်တွင်း ဈေးကွက်တွင် အနည်းနှင့်အများ ရိုက်ခတ်မှုရှိလာနိုင်ပြီး လာမည့်နှစ်တွင် ကြံဈေးကောင်းကာ ကြံစိုက်တောင်သူများ အတွက်လည်း အလားအလာကောင်းလာနိုင်မည်ဖြစ်သော်လည်း လတ်တလောတွင် ပြည်တွင်းသကြားဈေးမှာ အကျ ဈေးဖြင့်သာ ဈေးငြိမ်လျှက်ရှိနေသည်။

**Source:** https://www.facebook.com/myanmaeconomic/

## မန်းပဲမျိုးစုံ ဈေးကွက်အတွင်း မတ်ပဲနှင့်ပဲစင်းငုံတို့ ဈေးနှုန်းတည်ငြိမ်လျက်ရှိ တရုတ်ဝယ်လိုအားကောင်းသည့် နှမ်းနက်များဈေးမြင့်လာ

ယခုရက်ပိုင်း မန္တလေးမြို့၊ ပဲမျိုးစုံဈေးကွက်အတွင်း အိန္ဒိယနိုင်ငံသို့ ပုံမှန်တင် ပို့နေသည့် မတ်ပဲနှင့်ပဲစင်းငုံအသစ်တို့မှာ ဈေးနှုန်းတည်ငြိမ်လျက်ရှိပြီး စစ်ကိုင်းတိုင်းဒေသထွက် အရည်အသွေးကောင်း နှမ်းနက်များမှာ တရုတ်နိုင်ငံမှ ဝယ်လိုအားများနေမှုကြောင့် တစ်အိတ်လျှင်ကျပ် ၂၆၀၀၀၀ ဝန်းကျင်ဈေးအထိ ရောက်ရှိလာကြောင်း ပဲပွဲစား၊ ကုန်သည်များနှင့် စက်ပိုင်များထံမှ သိရသည်။

"လက်ရှိမှာပဲစင်းငုံတွေကို အိန္ဒိယက ပုံမှန်ဝယ်ယူမှုရှိတဲ့အပြင် ရန်ကုန်ဝယ်လက်တွေကပါ အဝယ်များနေပြီး ပဲစင်းငုံ(အဖြူ)အသစ် တွေက ဈေးနှုန်းတည်ငြိမ်နေပေမယ့် ပဲစင်းငုံ(အနီ)အသစ်နဲ့ အ ဟောင်းတွေကတော့ ပစ္စည်းဝင် ရောက်မှုများနေတဲ့အတွက် ဈေးနှုန်းတွေအနည်းငယ် ကျဆင်းလာတယ်။ တရုတ်ငွေဈေးအပြောင်းအလဲနဲ့ ဈေးချဝယ်ယူမှု တွေကြောင့် ပဲတီစိမ်းအသစ်တွေဟာ ဇွန်လလယ်ပိုင်းတုန်းကထက် တစ်အိတ်ကို ကျပ်ငါးထောင်ဝန်းကျင်ဈေးနှုန်း ကျဆင်းလာရာမှာ နယ်ဒေသပေါင်းစုံကနေ အလုံးအရင်းဝင်ရောက်မှုရှိနေလို့ ဈေးနှုန်းမြင့်တက်လာဖို့တော့ အလားအလာ သိပ်မရှိပါဘူး။ ဈေးကွက်အနေအထားကတော့ နိုင်ငံခြားဝယ်လက်ပုံမှန်ရှိနေတဲ့ ပဲအမျိုးအစားတွေဟာ ဈေးနှုန်း ပြောင်းလဲမှုသိပ်မရှိနိုင်ဘဲ ပဲအသစ်ပေါ်ချိန်ဖြစ်လို့ အရင်လတွေကထက် အရောင်းအဝယ်ပိုင်းပိုမိုသွက်လက် လှုပ်ရှားလျက် ရှိပါတယ်ဟု မန္တလေးပဲကုန်စည်ဒိုင်မှ ကုန်သည်တစ်ဦးဖြစ်သည့် ဦးစိုးမြင့်က ဇွန် ၂၅ ရက်တွင် ဒီမိုကရေစီတူဒေး သို့ပြောကြားသည်။

ဇွန်လနောက်ဆုံးပတ်အတွင်း ဖစ်ပေါ်လျက်ရှိသည့် ပဲမျိုးစုံဈေးနှုန်းများမှာ ကုလားပဲ(ထိုင်ဝမ်) တစ်အိတ်ကျပ် ၈၀၀၀၀၊ ဗိုတူး တစ်အိတ် ကျပ် ၈၃၀၀၀၊ ဗိုဆဲဗင်း တစ်အိတ်ကျပ် ၇၉၅၀၀၊ မတ်ပဲတစ်အိတ် ကျပ် ၈၀၀၀၀၊ ပဲစင်းငုံ (အဖြူ) အသစ်တစ်အိတ် ကျပ်တစ်သိန်း၊ ပဲစင်းငုံ(နီ)အသစ်တစ်အိတ် ကျပ်၁၀၂၀၀၀နှင့် အဟောင်းတစ်အိတ် ကျပ်၈၈၀၀၀၊ မြေထောက်ပဲတစ်အိတ် ကျပ်၁၁၅၀၀၀၊ ပဲတီစိမ်း (အသစ်)တစ်အိတ် ကျပ် ၉၅၀၀၀၊ ပဲကြီးတစ်အိတ် ကျပ် ၉၅၀၀၀၊ ထောပတ်ပဲ တစ်အိတ် ကျပ် ၁၀၁၀၀၀၊ နှမ်းဖြူ(အသစ်) တစ်အိတ် ကျပ် ၁၇၇၀၀၀၊ နှမ်းညို(အသစ်) တစ်အိတ် ကျပ် ၁၅၉၀၀၀နှင့် နှမ်းနက် (စမုံ) တစ်အိတ် ကျပ် ၂၆၀၀၀၀ အသီးသီးရှိကြောင်း မန္တလေးပဲကုန်စည်ဒိုင်ပေါက်ဈေးနှုန်းများအရ သိရသည်။

**Source:** https://www.yangonmedia.com/economy/item/15042

## ချက်နိုင်ငံ ကားကုမ္ပဏီ SKODA မြန်မာပြည်၌ ရင်းနှီးမြှုပ်နှံရန် ကမ်းလှမ်းထား

ချက်နိုင်ငံထုတ်SKODA ကားကုမ္ပဏီက ပြည်တွင်း၌ ထုတ်လုပ်ရောင်းချရန်စိတ်ဝင်စားသဖြင့် ကမ်းလှမ်းထားသည်ဟု နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်း ကပြောသည်။ မကြာမီက သွားရောက်ခဲ့သော အတိုင်ပင်ခံပုဂ္ဂိုလ်ခရီးစဉ်၏ ဥရောပခရီးစဉ်များအတွင်း ကမ်းလှမ်းခြင်း ဖြစ်သည်ဟု ဦးသောင်းထွန်းကဆိုသည်။ ဇွန်လ ၂၆ ရက်က နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး

နှင့် လွယ်ကူချောမွေ့စေရေးကော်မတီနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော စက်မှုလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီမံချက် မိတ်ဆက်ပွဲအခမ်းအနားအပြီး မီဒီယာများ၏ မေးမြန်းမှုကို ပြည်ထောင်စုဝန်ကြီးကဖြေကြားသည်။

ချက်နိုင်ငံက မြန်မာနိုင်ငံမှာ အရင်တုန်းက SKODA ရောင်းချခဲ့တယ်။ အခုလည်း SKODA ထုတ်ချင်တယ်ဆိုပြီး ကမ်းလှမ်းနေတာရှိတယ်ဟု ဦးသောင်းထွန်းကပြောသည်။ ကမ်းလှမ်းမှုအသေးစိတ်ကိုမူ ပြည်ထောင်စုဝန်ကြီးက ထည့်သွင်း ဖြေကြားခြင်းမရှိပေ။ ချက်နိုင်ငံကဲ့သို့ ဟန်ဂေရီနိုင်ငံကလည်း ပြည်တွင်း၌ ကားစက်ရုံထုတ်လုပ်မည့်ကိစ္စနှင့် ပတ်သက်၍ အဆိုပြုကမ်းလှမ်းထားသည်ဟု ၎င်းကဆက်လက်ပြောကြားသည်။ အခုအားလုံးသိတဲ့အတိုင်းပဲ မကြာမီကလည်း မော်တော်ယာဉ်ထုတ်လုပ်မှုအပိုင်းနဲ့ပတ်သက်လို့လည်း စိတ်ဝင်စားပြီးတော့ မြန်မာပြည်ကို ဝင်ရောက်နေတာရှိပါတယ်။ ဂျပန်ကလာသလို စင်ကာပူကလည်းဝင်ပါတယ်။ လောလောဆယ်ကတော့ ဒါအစပိုင်းပဲရှိပါသေးတယ်ဟု ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ပြောကြားသည်။ ဇွန်လအစောပိုင်းက နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် သွားရောက်သည့် ချက်နိုင်ငံခရီးစဉ်၌ ချက်နိုင်ငံသမ္မတ Milos Zemamနှင့်တွေ့ဆုံပြီး စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုကိစ္စရပ်များအပြင် ကျန်းမာရေး၊ ပညာရေးနှင့်လူသားချင်းစာနာထောက်ထားမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များတွင် အကူအညီပေးရန် သဘောတူညီထားသည်။

**Source:** http://www.7daydaily.com/story/159609

## မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားကုမ္ပဏီများ အခက်အခဲ မရှိစေရန်အတွက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး စီမံကိန်း (MIPP) ကို စတင်မိတ်ဆက် ဆောင်ရွက်နေကြောင်း ပြည်ထောင်စုဝန်ကြီး ပြောကြား




မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြား ကုမ္ပဏီများ အဆင်ပြေလွယ်ကူပြီး အခက်အခဲမရှိစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်း (MIPP) ကိုစတင်မိတ်ဆက် ဆောင်ရွက်နေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းက ပြောကြားသည်။

နေပြည်တော်ရှိ သင်္ဂဟဟိုတယ်တွင် ဇွန် ၂၆ ရက်က ပြုလုပ်သည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးကော်မတီနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော စက်မှုလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး စီမံချက် မိတ်ဆက်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ပြောကြားခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ခေတ်မီဖွံ့ဖြိုးပြီး သာယာဝပြောသည့်နိုင်ငံဖြစ်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာ လိုအပ်သည့်အပြင် လက်ရှိတွင် JICA အကူအညီဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်း (MIPP) ကို ချမှတ် လုပ်ဆောင်နေကြောင်း ပြည်ထောင်စုဝန်ကြီးက ဆိုသည်။ ဒီဟာ (MIPP) ကို ဦးစီးကော်မတီလည်း ဖွဲ့ထားတယ်။ သက်ဆိုင်ရာ လုပ်ငန်း ကော်မတီလည်း ငါးခုဖွဲ့ပြီးတော့ အောင်မြင်အောင် စီမံကိန်းတွေအောင်မြင်အောင် ဒီနေ့ကစပြီးတော့ မိတ်ဆက် ပြီးတော့ စလုပ်တာဖြစ်ပါတယ်။ ဒီဟာကို အောင်မြင်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံမယ့် နိုင်ငံပေါင်းစုံက ကုမ္ပဏီတွေလည်း လာရောက်တဲ့အခါမှာ အဆင်ပြေအောင်ပေါ့။ ဒီမှာလာရောက်တဲ့အခါမှာလည်း လွယ်ကူအောင်၊ အခက်အခဲတွေလည်း မရှိအောင် ကျွန်တော်တို့ကလုပ်နေတာဖြစ်ပါတယ်” ဟု ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ပြောကြားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်း (MIPP) သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒလမ်းညွှန်ဖြစ်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုစီမံကိန်း၏ အခြေပြုကိစ္စရပ်ပေါ် အခြေခံတွက်ချက်ထားသည့် ရင်းနှီးမြှုပ်နှံမှု ဦးတည်ချက်များဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးကဆိုသည်။ ယင်းဦးတည်ချက်များမှာ၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ နှစ်စဉ် ဒေါ်လာ ၅ ဒသမ ၈ ဘီလျံ၊ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိနှစ်စဉ် ဒေါ် လာ ၈ ဒသမ ၅ ဘီလျံ၊ ၂၀၂၆-၂၀၂၇ မှ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ နှစ်စဉ် ဒေါ်လာ ၁၂ ဒသမ ၃ ဘီလျံနှင့် ၂၀၃၁-၂၀၃၂ မှ ၂၀၃၅-၂၀၃၆ ဘဏ္ဍာနှစ်အထိ နှစ်စဉ်ဒေါ်လာ ၁၇ ဒသမ ၆ ဘီလျံအသီး သီးခန့်မှန်းထားကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ဆိုသည်။

ထို့ပြင် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စက်မှုလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံချက်ကို စက်မှုဖွံ့ဖြိုးတိုးတက်မှု မူဝါဒများ ခိုင်မာစေရန်၊ ပြည်တွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအကြား ချိတ်ဆက်ဆောင်ရွက်မှုများမြှင့်တင်ရန်၊

ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆွဲဆောင်ရန်၊ စီမံချက်၏ သတ်မှတ်နယ်ပယ်အတွင်းရှိ စက်မှုလုပ်ငန်းများ၏ တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်လုပ်မှု၊ ဖြန့်ဖြူးမှုလုပ်ငန်းများ ပိုမိုအားကောင်း လာစေရန်နှင့် မြန်မာနိုင်ငံ၏ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စက်မှုလုပ်ငန်းများကို မြှင့်တင်ရန်ရည်ရွယ်၍ ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် သွားရောက်ခဲ့သည့် ဥရောပခရီးစဉ်တွင် ဟန်ဂေရီနိုင်ငံနှင့် ချက်နိုင်ငံတို့မှ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရန် ကမ်းလှမ်းမှုများရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက သတင်းမီဒီယာများ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြား ခဲ့သည်။

**Source:** https://news-eleven.com/article/119492

## တရုတ်ဖက်မှ တင်သွင်းခွင့်ပိတ်ထားသည့် နာနတ်သီးများ အမြန်ဆုံးပြန်လည်တင်ပို့နိုင်ရေးညှိနှိုင်းနေ




ယခုလ(၁၅)ရက်နေ့မှစတင်ကာ တရုတ်နိုင်ငံအတွင်းသို့တင်ပို့ခွင့်မရတော့သည့် ပြည်တွင်းမှ နာနတ်သီးများအား အမြန်ဆုံးပြန်လည်တင်ပို့နိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ညှိနှိုင်းမှုများ ဆောင်ရွက်လျှက်ရှိနေသည်ဟုသိရသည်။

သီးနှံတွေကို အမျိုးအစားအလိုက် တရားဝင်တင်ပို့နိုင်ဖို့ လုပ်နေရာမှာအခု တစ်ရှူးဌက်ပျောတွေကိုသူတို့ဖက်က တရားဝင်တင်သွင်းခွင့်ပေးဖို့စစ်နေတယ်။ ဒီဟာနဲ့အတူ နာနတ်သီးကိုပါ တခါထဲခွင့်ပြုနိုင်ဖို့ညှိနေပါတယ်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှလက်ထောက်အတွင်းဝန်ဦးခင်မောင်လွင်ကဆိုသည်။သရက်သီးရာသီကုန်ဆုံးချိန်တွင် ရာသီပေါ်သီးနှံတစ်ခုဖြစ်လာသောနာနတ်သီးများ ပြည်တွင်းမှတရားဝင်တင်ပို့ခွင့်ရစေရန် နစ်ဖက်အစိုးရချင်း ညှိနှိုင်းနေခြင်းဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့်ပြည်တွင်းသို့တင်သွင်းလာမည့် လယ်ယာထွက်ကုန်နှင့် သီးနှံအမျိုးမျိုးတို့ကို ဓါတုဒြပ်ကြွင်းမပါစေရန် AQSIQစစ်ဆေးမှုများပြုလုပ်နေပြီး သတ်မှတ်ချက်များနှင့်ပြည့်မှီပါက တရားဝင်တင်သွင်းခွင့် ပေးနေခြင်းဖြစ်သည်။ အခုထိတော့ပို့မရသေးဘူးပေါ့။ ရာသီချိန်ရောက်လာပြီဆိုတော့ ဒီအချိန်က ဈေးကွက်ကောင်းရင် တောင်သူရောကုန်သည်ပါအကျိုးရှိစေမှာ။ ဟိုဖက်က ဖမ်းနေတာ့ကုန်သည်တွေကလည်းမဝယ်ရဲဘူး။ ဒါကြောင့်သူ့အချိန်တဲ့သူပို့ရချိန်မှာ ပို့လို့ရအောင် လုပ်ပေးစေချင်တာဟု မူဆယ်ရှိသစ်သီးကုန်သည်ဦးဝင်းစိုးကဆိုသည်။

တရုတ်နိုင်ငံသည်ပြည်တွင်းရှိ သစ်သီးဈေးကွက်ကို အများဆုံးဝယ်ယူပေးနေသည့် ကုန်သွယ်ဖက်နိုင်ငံတစ်ခုဖြစ်ပြီးတရားမဝင်လမ်းကြောင်းများအစား(၂၀၁၇)ခုနှစ်မှစတင်ကာတရားဝင်ကုန်သွယ်နိုင်စေရန် ဆောင်ရွက်နေခြင်းဖြစ်သည်။

**Source:** http://www.betvmyanmar.com/my/news/

## အညာဒေသ ပဲတီစိမ်းလှိုင်လှိုင်ပေါ်ချိန် ဖွန်လဆန်းမှစတင်ကာ ပဲတီစိမ်းဈေးများ တဖြည်းဖြည်းကျဆင်းလာ

အညာဒေသ ပဲတီစိမ်းပေါ်လှိုင်လှိုင်ပေါ်ချိန် ဖွန်လဆန်းမှ စတင်ကာ ပဲတီစိမ်းဈေးများ တဖြည်းဖြည်း ကျဆင်းလာရာ ဖွန်လ ၁၉ရက်က ဈေးနှုန်းမှာ လဆန်းရက်များနှင့် နှိုင်းယှဉ်လျှင် ပဲတီစိမ်း သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၂၀၀၀ နီးပါး ဈေးကျသွားကြောင်း သိရသည်။ မန္တလေးဈေးကွက်အတွင်း ဖွန်လ ဆန်းပိုင်းတွင် ပဲတီစိမ်း သုံးတင်းဝင်တစ် အိတ်လျှင် ကျပ် ၁၁၂၀၀၀ မှ ၁၁၄၀၀၀ ပေါက်ဈေးရှိခဲ့ပြီး ဖွန်လ ၁၉ ရက်တွင် တစ်အိတ်လျှင် ကျပ် ၉၄၀၀၀ မှ ၉၅၀၀၀ သာပေါက်ဈေးရှိတော့ရာ တစ်အိတ်လျှင် ကျပ် ၁၈၀၀၀ မှ ၁၉၀၀၀ အထိ ဈေးကျသွားခြင်း ဖြစ်သည်။ ပဲတီစိမ်း စိုက်ဒေသများမှ ပဲပေါ်ချိန် ဖြစ်သဖြင့် ဈေးကွက်အတွင်း ပဲတီစိမ်း အသစ်များ ဝင်ရောက်လာခြင်းနှင့် တရုတ် ယွမ်ငွေဈေးများ ကျဆင်းခြင်းကြောင့် တရုတ်ဝယ်လက်များက ဈေးလျှော့ဝယ် ခြင်းကြောင့်လည်း ဈေးကျလာခြင်းဖြစ်ကြောင်း သိရသည်။ ထိုသို့ ဈေးကျဆင်းလာသော် လည်း တောင်သူများအတွက် အကျိုးအမြတ် ကောင်းနေသေးကြောင်း၊ ပဲတီစိမ်း

တစ်အိတ်လျှင် ကျပ် ၉၀၀၀၀ အောက်ထိ မကျဆင်းနိုင်ကြောင်း ပဲကုန်သည်များက ခန့်မှန်းသုံးသပ်ထားသည်။

ပဲတီစိမ်းတောင်သူအများစုမှာ ပဲပေါ်ချိန်ဈေးနှုန်းကျဆင်းခြင်း နှစ်စဉ်ကြုံတွေ့နေရပြီး ယခုနှစ် ပဲတီစိမ်းပေါ်ချိန် ပေါက်ဈေးမှာဇွန်လဆန်းထက် ကျပ် ၁၀၀၀၀ ခန့် ဈေးကျဆင်းသွားကြောင်း၊ ရေသွင်းစိုက်ပျိုးရသည့်စနစ်ဖြစ်ပြီး အသီးရင့်ခါနီး မိုးရွာသွန်းမှုကြောင့် အသီးပိုမိုဖြစ်ထွန်း အောင်မြင်ကာ အထွက်နှုန်းကောင်းမှုကြောင့် တစ်ဧက ကျပ် ၅၀၀၀၀၀ ကျော် အကျိုးအမြတ်ရှိကြောင်း၊ ပဲတီစိမ်းတစ်ဧကလျှင် တင်း ၂၅- ၃၀ ခန့်ထွက်ရှိကြောင်း မြစ်သားမြို့နယ်၊ ခန္တီးလေးကျေးရွာ ပဲတီစိမ်းစိုက်တောင်သူမတင့်က ပြောသည်။ ပဲတီစိမ်းကို နွေစပါးအစား ရေသွင်း စိုက်ပျိုးတာပါ။ မတ်လဆန်းပိုင်းက စတင်စိုက်ပျိုးတာ။ စိုက်စရိတ်ကျပ် ၁၅၀၀၀၀ ကျော် ကုန်ကျပါတယ်။ အသီးရင့်ခါနီး မေလထဲမှာ မိုးရွာလို့ အသီးထွက်အားကောင်းခဲ့ပါတယ်။ အနည်းဆုံးတင်း ၂၀၊ ၂၅တင်းတော့ ရနိုင်မယ်ခန့်မှန်းပါတယ်။ ပထမ အကြိမ်ခူးတာ။ သုံးတင်းကျော်ရတယ်။ အခု ဒုတိယအကြိမ် ဆွတ်ခူးနေတာပါ။ သီးလုံး ဖောက်ပိုးလေးနည်းနည်းကျလို့ ဆေးဖျန်းရလို့ ခူးချိန်ခွာထားရတယ်။ ပဲပေါ်စက ပဲဈေးတစ်တင်း ကျပ် ၃၅၀၀၀ဈေးရှိတာ။အခုကျ ဈေးကကျသွားတယ်။ နယ်ဈေး ကျပ် ၂၈၀၀၀-၃၀၀၀၀ ဈေးဖြစ်သွားတယ်။ ပဲပေါ်တာနဲ့ တန်းရောင်းရတာပါ။သိမ်းမထားနိုင်ဘူး။ ပိုးကျမှာ ကြောက်ရ၊ ဈေးထပ်ကျသွားမှာ ကြောက်ရတော့ ပွဲစားဆီ တန်းရောင်းရတယ်ဟု ၎င်းကပြောသည်။

ပဲကုန်သည် ဦးတင်အောင်မိုးက ပဲတီစိမ်း (အညာ) က စပေါ်ကတည်းက ကျပ် ၁၁၂၀၀၀-၁၁၃၀၀၀ လောက်ကနေ တစ်နေ့တစ်ဈေးကျလာတာ အခုဆိုရင် ကျပ် ၉၀၀၀၀ နဲ့ ၉၅၀၀၀ ကြားပဲရှိတော့တယ်။ ပဲတီစိမ်းက မိုးလေးရွာလာတော့ ထွက်အားကောင်းလာနိုင်တယ်။ ဒီနှစ်က ဈေးမြင့်ရာကနေ ကျလာတယ်။ ဇွန်လအတွင်းမှာတော့ ဈေးနိမ့်နေဦးမယ်။ ဇူလိုင်လအတွင်းမှာတော့ ပြန်ပြီးဈေးကောင်းလာနိုင်ပါတယ်။တစ်တင်း ကျပ် ၉၀၀၀၀ အောက်တော့ မကျနိုင်ပါဘူးဟု ပြောသည်။

**Source:** https://www.facebook.com/thefarmermedia/posts/2315842725196567?__tn__=K-R

## STOCK EXCHANGE (27.6.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 27th Jun. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | -500 | -4.00% | 12,000 | 12,000 | 12,000 | 2,442 | 29,304,000 | 27,112,747 | 325,353 |
| MTSH | 00002 | 3,400 | +0 | +0.00% | 3,450 | 3,450 | 3,400 | 11,512 | 39,391,400 | 38,929,150 | 132,359 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 20 | 158,000 | 10,400,986 | 82,168 |
| FPB | 00004 | 24,000 | -500 | -2.04% | 24,000 | 24,500 | 24,000 | 66 | 1,584,500 | 2,472,053 | 59,329 |
| TMH | 00005 | 3,050 | +50 | +1.67% | 3,000 | 3,050 | 3,000 | 1,212 | 3,648,050 | 12,212,906 | 37,249 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 466.19 | -10.39 | -2.18% | 468.07 | 468.52 | 466.19 | 15,252 | 74,085,950 | 5 | 636,458 |

**Index chart**




# Market Overview

As of 1:00 pm, 27th Jun. 2019

| MYANPIX | 466.19 ▼ 10.39 |
|---|---|
| Total Volume (shares) | 15,252 |
| Total Value (MMK) | 74 mil |
| Listed Company | 5 |
| Market Cap. (MMK) | 636,458 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▼ 500 |
| MTSH | 00002 | 3,400 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 24,000 | ▼ 500 |
| TMH | 00005 | 3,050 | ▲ 50 |